
ဘာသာပြန်စာရေးဆရာ-ဓနုဇင်
ယန်နတ်ဘုရား
တစ၃ - ၄၄

ယန်နတ်ဘုရား စာစဉ် (၄၄)။
ဘာသာပြန်သူ နေဇင်။
အခန်း (၄၆၁)
*

"ဒီလောက်ထိ အန္တရာယ်ကြီးလိမ့်မယ်လို့ ငါ မထင်ထားဘူး။"

ချန်ယင်းရှာသည် တံခါးပိတ်ကျင့်ကြံရာမှ ထွက်လာပြီးနောက် ဟုန်ယွီ ပြန်ပြောပြသည့် ညက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို နားထောင်ရင်း ထိတ်လန့်တုန်လှုပ်သွားမိ သည်။

ယခုအခါ မိုးသောက်ယံသို့ ရောက်ရှိနေပြီဖြစ်ရာ အရှေ့ဘက်ကောင်းကင်ယံ၌ အရုဏ်ဦး အလင်းတန်းများ ပျိုးစပြုနေပြီ ဖြစ်သည်။

သဲကန္တာရပြည်နယ် ရဲတိုက်အတွင်းရှိ ခန်းမဆောင်ထဲတွင် ဟုန်ယွိ၊ ရှဲ့ဝန်ယွမ်၊ ယွမ်ရှန်းရှန်း၊ နဂါးသမီးတော်၊ ဆန်းဝေဝေ၊ ချီလင်၊ ယွမ်ကုန်းမင်၊ ကျိုရှန်းထျန်းနှင့် အခြားသော လူသားများ၊ သားရဲများ၊ နတ်ဘုရားများ အားလုံး စုဝေးနေကြသည်။

စိတ်ကို တည်ငြိမ်အောင်ထားပြီး ခဏတာ အနားယူပြီးနောက် ဟုန်ယွိသည် ညက ဖြစ်ပျက်ခဲ့သည်များကို ပြန်လည်သုံးသပ်နေမိသည်။ ချန်ယင်းရှာသည် ညဘက်တွင် တာအိုကျင့်စဉ်များကို ကျင့်ကြံနေသဖြင့် လိုက်မလာနိုင်ခဲ့သော်လည်း သူမ သိထားသင့် သည့် အချက်အချို့ကို ဟုန်ယွိက ပြောပြနေခြင်း ဖြစ်သည်။

တစ်ညတာအတွင်းမှာပင် ကိစ္စရပ်များစွာ ဖြစ်ပျက်ခဲ့သည်။

ဤအကြိမ်တွင် ဟုန်ယွိနှင့် ဆန်းဝေဝေတို့သည်

ရှေးဟောင်း ရာရှိမွန်တံခါးကို ထောက်လှမ်းရန် စစ်စခန်းကို ညဘက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ရက်စက်မိစ္ဆာ ကာစီကို သတ်ဖြတ်ပြီးနောက် 'ပုံရိပ်ယောင်တံခါး' အတွင်းသို့ ဝင်ရောက်ကာ အနောက် ဘက်ဒေသ၏ ရိက္ခာသိုလှောင်ရုံများကို စူးစမ်းခဲ့ကြသည်။ ထို့နောက် ဟွာလျိုနိုင်ငံ၏ နန်းတော်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး 'အုပ်စိုးရှင် ဧကရာဇ်လေးပါး' နှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့နောက်တွင်မူ ချန်ပီယံမြို့စား၏ တိုက်ခိုက်မှုကို ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ချန်ပီယံမြို့စားကို သတ်ဖြတ်ပြီးနောက်တွင်မူ အနောက်ဘက်ဒေသကို နှစ်ပေါင်း ၅,၀၀၀ ကျော် အုပ်စိုးလာခဲ့သည့် မူလဝိညာဉ်နတ်ဘုရားနှင့် ရင်ဆိုင်ခဲ့ရပြန်သည်။

ဤတစ်ညတာ ဖြစ်ရပ်များကို စာအုပ်တစ်အုပ်အဖြစ်ပင် ရေးသား၍ ရနိုင်ပေသည်။

သို့သော် ဟုန်ယွိသည် အလွန်ပင် ပျော်ရွှင်နေမိသည်။ သူ၏ အနီးအနားတွင် လုပ်ဖော်ကိုင်ဖက်များစွာကို စုစည်းနိုင်ခဲ့ပြီ ဖြစ်သည်။ အထူးသဖြင့် ခေတ်တခေတ် စာပေလောက၏ အကျော်အမော် မဟာပညာရှင် ရှဲ့ဝန်ယွမ်ပင်လျှင် သူနှင့် တစ်ဖက်တည်း ရပ်တည်နေပြီ ဖြစ်သည်။

သူသည် တစ်ကိုယ်တော် တိုက်ပွဲဝင်နေရသူ တစ်ဦး မဟုတ်တော့ပေ။

ဤလူစုနှင့်သာ စည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြမည်ဆိုပါက မည်သည့် မြင့်မြတ်နယ်မြေကိုမဆို ယှဉ်ပြိုင်နိုင်မည် ဖြစ်ပြီး၊ ၎င်းတို့ကိုပင် ကျော်လွန်ရှိနေပေလိမ့်မည်။ သူတို့တွင် ဤလောကရှိ မည်သည့်အင်အားစုနှင့်မဆို ယှဉ်ပြိုင်နိုင်သည့် အရင်းအနှီးများ ရှိနေပြီ ဖြစ်သည်။

အစေခံမလေးကို ခေါ်၍ အားလုံးအတွက် ပူပူနွေးနွေး ဂျင်ဆင်းလက်ဖက်ရည်များကို ငှဲ့ ခိုင်း ပြီးနောက် ဟုန်ယွိက ချန်ပီယံမြို့စား အကြောင်းကို စတင်ပြောဆိုလိုက်သည်။

"ချန်ပီယံမြို့စားမှာ ဆန်းကြယ်တဲ့ နောက်ခံ သမိုင်းကြောင်း ရှိတယ်။ သူက ကောင်းကင် ပြင် ပနယ်မြေကနေ ရောက်လာတဲ့ မိစ္ဆာတစ်ကောင် ဖြစ်နိုင်တယ်လို့ ငါ ထင်တယ်။ သူ့ကို ပထမဆုံး မြင်လိုက်ကတည်းက ကြီးမားတဲ့ ပြဿနာတစ်ခု ရှိနေတယ်လို့ ငါ ခံစားမိခဲ့ တာ။" ရှဲ့ဝန်ယွမ်က ဂျင်ဆင်းလက်ဖက်ရည်ကို တစ်ငုံသောက်ကာ မျက်မှောင်ကြုတ်လိုက် သည်။ ထို့နောက် ဂျင် ဆင်းလက်ဖက်ရည်ကို ကြွေပန်းကန်လုံးထဲသို့ ဂရုတစိုက် ပြန်ထွေး ထုတ်လိုက်ပြီး "ဒီဂျင်ဆင်း စွပ်ပြုတ်က ပြုတ်တာ ကြာလွန်းသွားတော့ အထဲက ဆေးဖက် ဝင် အာနိသင်တွေကို ပျက်စီး

သွားစေတယ်။ ဒါက နှစ် ၅၀၀ သက်တမ်းရှိတဲ့ ဂျင်ဆင်း ဖြစ်တော့ နှမြောဖို့ ကောင်းလိုက်တာ။ ဒီလိုပဲ အလဟဿ ဖြစ်သွားရပြီ။"

"အို... ဒီဂျင်ဆင်းကို 'ရှန်ယန်လက်ဖက်ရည်'ရဲ့ ရှေးဟောင်းနည်းစနစ်အတိုင်း ကျိုထားတာ ပါ။ မနက်ခင်းမှာ သောက်လိုက်ရင် အစာအိမ်ကို နွေးထွေးစေပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေတယ်လို့ သိထားလို့ပါ။" ဟုန်ယွီက ရှဲ့ဝန်ယွမ်ကို ကြည့်ကာ ပြောလိုက် သည်။

"ရှေးဟောင်းနည်းစနစ်အတိုင်း ကျိုထားတာ တော့ မှန်ပါတယ်။ ဒါပေမဲ့ ကျိုချက်တဲ့လူက ကျွမ်းကျင်ပညာရှင်တစ်ယောက်တော့ မဟုတ်ဘူး။ တကယ်လို့ ရှင်သာ ဒါလက်ဖက်ရည် ကို တစ်နှစ်ပတ်လုံး သောက်နေမယ်ဆိုရင် ရှင့်သွေးကြောတွေက ပျော့ပျောင်းညင်သာမှာ မဟုတ်တော့ဘူး။" ဆန်းဝေဝေကလည်း တစ်ငုံ

သောက်ပြီး ပြန်ထွေးထုတ်ကာ ပြောလိုက်သည်။

"မျိုးရိုးမြင့် မိသားစုကြီးတွေဆိုတော့လည်း ထုံးစံအတိုင်း တကယ်ကို ထူးခြားတာပဲ။ ဂျင်ဆင်းစွပ်ပြုတ် ပန်းကန်လုံးလေး တစ်လုံးကိုတောင် ဒီလောက်အထိ အသေးစိတ်ကျ တာလား။" ဟုန်ယွိသည် သူ့စိတ်ထဲတွင် တွေးမိသွားသည်။

"ပညာရှင် သူတော်စင်ကြီးတွေ ပြောဖူးတယ်... ကောင်းမွန်တဲ့ အစားအစာကို ဘယ်တော့မှ ငြီးငွေ့လို့ မရဘူးတဲ့။ ဒါက ကျန်းမာရေးကို ထိန်းသိမ်းတဲ့ နည်းလမ်းဖြစ်သလို တစ်နှစ်ပတ်လုံး ခန္ဓာကိုယ်ကို ကြံ့ခိုင်အောင် ထိန်းသိမ်းတဲ့ အရေးကြီးတဲ့ နည်းလမ်းလည်း ဖြစ်တယ်။ ဒါပေမဲ့ နှစ်ပေါင်းထောင်ချီ သက်တမ်းကြာမြင့်တဲ့ မျိုးရိုးမြင့် မိသားစုကြီးတွေနဲ့ ပညာရှင်

အရာရှိကြီးတွေလောက်ပဲ အစားအစာရဲ့ အနုစိတ်မှုကို ဆွေးနွေးနိုင်ကြတာ။ သာမန် လူတွေအနေနဲ့ ဝမ်းဗိုက်ပြည့်ဖို့တောင် မနည်းလုပ်နေရတာဆိုတော့ ဒါတွေကို မစဉ်းစားနိုင် ကြဘူး။" ရှဲ့ဝန်ယွမ်က သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ "ဟုန်ယွိ... မင်းမှာ ရတနာ တွေ၊ ဆေးဖက်ဝင်ပစ္စည်းတွေနဲ့ ဒိုင်ဇင်ဘုရားကျောင်းက ရတနာတွေ အများကြီး ရှိကောင်း ရှိလိမ့်မယ်။ ဒါပေမဲ့ အစားအသောက်နဲ့ ပတ်သက်လာရင်တော့ မင်းဟာ မျိုးရိုးမြင့် မိသားစု ကြီးတွေနဲ့ ယှဉ်ရင် အဝေးကြီး လိုနေသေးတယ်။ ငါ ဆိုလိုတာက မင်း အသုံးအဖြုန်းကြီးဖို့ မဟုတ်ပါဘူး။ အချို့ဆေးဖက်ဝင်ပစ္စည်းတွေကို စနစ်တကျ မချက်ပြုတ်ရင် အလဟဿ ဖြစ်ရုံတင်မကဘဲ ခန္ဓာကိုယ်ကိုတောင် အန္တရာယ် ပေးနိုင်တယ်။ မင်းရဲ့ ယခုလက်ရှိ သိုင်းသူတော်စင်အဆင့် ခန္ဓာကိုယ်နဲ့ဆိုရင် မင်းက ဘာမှမကြောက်ပေမဲ့

နှစ်တွေ ကြာလာ တဲ့အခါ အားနည်းချက်လေးတွေ ရှိလာနိုင်တယ်။ မင်း တောင်ပိုင်းဒေသကို သွားတဲ့အခါ ဆေးဖက်ဝင်ပစ္စည်းတွေ ကျိုချက်တာနဲ့ အစားအသောက် စီမံပေးနိုင်မယ့် ပညာရှင်အချို့ ကို ငါ မင်းအတွက် ထည့်ပေးလိုက်မယ်။"

"အော်... ကျွန်တော်လည်း စာအုပ်တွေ ရေးဖို့အတွက် တောင်ပိုင်းဒေသကို သွားဖို့ ရည်ရွယ်ချက် ရှိပါတယ်။"

တောင်ပိုင်းဒေသကို သွားရန် ပြောလိုက်သည့်အခါ ဟုန်ယွိသည် သူ၏ မိခင်ဖြစ်သူမှာ တောင်ပိုင်းပြည်နယ်တွင် နတ်ဘုရားမတစ်ပါးအဖြစ် အပူဇော်ခံနေရသည်ဟူသော ဧကရာဇ် ယန်ဖန်၏ စကားကို သတိရသွားသည်။ "ဒါပေမဲ့ ဒါကို ပြောဖို့က အချိန်စောပါ သေးတယ်။ ချန်ပီယံမြို့စားအကြောင်း ဆက်ပြောကြတာပေ့ါ။"

"ယန်အန်းကတော့ စိုးရိမ်စရာ မရှိတော့ဘူး။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကိုတော့ တစ်စုံ တစ်ယောက်က သိမ်းပိုက်သွားမှာ အသေအချာပဲ။ ဒီအချိန်မှာ ချင်ပြည်နယ်ကို သွားဖို့ကျ ပညာရှိရာမကျဘူး။ မူလဝိညာဉ်နတ်ဘုရား ပေါ်လာတာကို ပေါ့ပေါ့တန်တန် သဘောမ ထားသင့်ဘူး။ ငါတို့ရဲ့ စွမ်းအားတွေကို မြှင့်တင်ထားရမယ်။" ယွမ်ရှန်းရှန်းက ချန်ပီယံ မြို့စား သေဆုံးမှုကို သာမန်ပြင်ပလူတစ်ယောက် သေဆုံးသကဲ့သို့ ဂရုမစိုက်ဟန်ဖြင့် ပြောလိုက်သည်။

ချန်ပီယံမြို့စားမှာ သူမ၏ ယခင်ဘဝက သားဖြစ်ခဲ့သော်လည်း သူ၏ စိတ်ဝိညာဉ်မှာ ကောင်းကင်ပြင်ပနယ်မြေမှ မိစ္ဆာစိတ်ဝိညာဉ်တစ်ခု ဖြစ်နေခြင်းကြောင့်ပင်။

"ကောင်းကင်ပြင်ပနယ်မြေဆိုတာ ဘယ်လိုနေရာမျိုးလဲ? ဆရာရဲ့... ဆရာက ဗဟုသုတ

ကြွယ်ဝပြီး ရှေးဟောင်းကျမ်းစာတွေကို ဖတ်ခဲ့ဖူးတာဆိုတော့ ကျွန်တော့်ကို ရှင်းပြပေးလို့ ရမလား။" ဟုန်ယွိက မေးလိုက်သည်။

ဒိုင်ဇင်ဘုရားကျောင်းမှ လျှို့ဝှက်ကျမ်းစာများတွင်လည်း ကောင်းကင်ပြင်ပနယ်မြေအကြောင်း ပါရှိသော်လည်း ၎င်းမှာ တာအိုဗုဒ္ဓများနှင့် ဗောဓိတ္တများ နေထိုင်ရာ နေရာအဖြစ်သာ ဖော်ပြထားသည်။ ထိုဒဏ္ဍာရီလာကျမ်းစာများကိုမူ ယုံကြည်ရန် ခဲယဉ်းလှသည်။

ဒိုင်ဇင်ဘုရားကျောင်းမှ တာအိုဗုဒ္ဓများနှင့် ဗောဓိသတ္တများကိုပင် ဧကရာဇ် ယန်ဖန်က မဟာလေဟာနယ်လက်ဝါး ကျင့်ကြံရန် သန့်စင်ပစ်ခဲ့သည် မဟုတ်ပါလား။ သို့ဆိုလျှင် သူတို့က အဘယ်ကြောင့် ကောင်းကင်ပြင်ပနယ်မြေတွင် ရှိနေဦးမည်နည်း။

"ကောင်းကင်ပြင်ပနယ်မြေဆိုတာ တခြား

ကမ္ဘာတစ်ခုပဲ။ ဒါပေမဲ့ ဘယ်သူမှ အဲဒီနေရာကို မထိတွေ့ဖူးသေးတော့ အတိအကျ ဘယ်သူမှ မသိကြသေးဘူး။ သမိုင်းမှတ်တမ်းတွေထဲက ပါရမီရှင်တွေဟာ ကောင်းကင်ပြင်ပနယ်မြေက နေ လာတယ်လို့ ဆိုကြပေမဲ့ တစ်ဝက် လောက်က စိတ်ကူးယဉ်မှုတွေပဲ။ အဲဒီနေရာဟာ အင်မော်တယ် နေထိုင်ရာ နေရာဆိုတဲ့ ဒဏ္ဍာရီကတော့ လုံးဝ အမှားကြီးပဲ။ ချန်ပီယံမြို့စားရဲ့ အပြုအမူတွေကို ကြည့်ဦး… ဘယ်နေရာကများ အင်မော်တယ်နဲ့ တူလို့လဲ။" ရှဲ့ဝန်ယွမ်က ဆက်ပြောသည်။ "ဒါပေမဲ့ ခုနစ်ကြိမ်မြောက် မိုးကြိုးကပ်ဘေးကို ကျော်ဖြတ်ပြီး ဖန်ဆင်းရှင် ဖြစ်လာရင်တော့ မင်းတို့ ရဲ့ အတွေးစတွေက အလွန်သန်မာလာပြီး စကြဝဠာ တစ်ခုလုံးရဲ့ အချက်အလက်တွေကို အာရုံခံနိုင်လာလိမ့်မယ်။ အဲဒီအချိန်ရောက်ရင် ကောင်းကင်ပြင်ပနယ်မြေက ဘာလဲဆိုတာ ကို မင်းတို့ သိလာလိမ့်မယ်။

အလယ်ခေတ် ပညာရှင် သူတော်စင်ကြီးတွေဆို ရင် သူတို့ စိတ်ဝိညာဉ်တွေနဲ့ ကောင်းကင်ပြင်ပ နယ်မြေအထိတောင် လှည့်လည်သွားလာခဲ့ကြ တာ။ ဆန်းဝေဝေ... မင်းတို့ ဆန်းမိသားစုဆိုတာ အလယ်ခေတ် ပညာရှင် သူတော်စင်ကြီးတွေရဲ့ မျိုးနွယ်စုပဲ။ ပညာရှင် သူတော်စင်ကြီးတွေ လှည့်လည်သွားလာခဲ့တဲ့ ကမ္ဘာအကြောင်း မှတ်တမ်း တင်ထားတဲ့ လက်ရေးမူတွေ မင်းတို့ ဆီမှာ ရှိနေသင့်တယ် မဟုတ်လား။"

"ဆရာရဲ့... ဆရာက ဒါကိုတောင် သိတာလား။"

ဆန်းဝေဝေက ရှဲ့ဝန်ယွမ်ကို အံ့အားသင့်စွာ ကြည့်လိုက်ပြီး "မှန်ပါတယ်။ ကျွန်မတို့ မိသားစု ရဲ့ ဒဏ္ဍာရီတွေအကြောင်း လက်ရေးမူတွေ ရှိပါ တယ်။ ကျွန်မတို့ရဲ့ ပညာရှင် သူတော်စင် ဘိုး ဘေးကြီး ကောင်းကင်ပြင်ပနယ်မြေကနေ ပြန်လာပြီးနောက် သူကိုယ်တိုင် မှတ်တမ်းတင်

ထားခဲ့တာပါ။ ဒါတွေက မိသားစုရဲ့ အထူး လျှို့ဝှက်ချက်တွေ ဖြစ်ပြီး မျိုးနွယ် စု ခေါင်းဆောင်တွေရဲ့ လက်ထဲမှာပဲ ရှိနေတာပါ။ ကျွန်မလည်း ကြားဖူးရုံပဲ ရှိတယ်၊ ကိုယ်တိုင် မြင် တွေ့ဖို့ကတော့ မဖြစ်နိုင်ပါဘူး။"

"အလယ်ခေတ် ပညာရှင် သူတော်စင်ကြီးတွေ ရဲ့ လက်ရေးမူတွေဆိုတော့ တကယ်ပဲ အဖိုးတန် မှာပဲ။" ဟုန်ယွိက လက်ကို ဝှေ့ယမ်းလိုက်ပြီး "ကြည့်ရတာ ငါတို့ ဖန်ဆင်းရှင် အဆင့်ကို ရောက်တဲ့အထိ စောင့်ပြီးမှပဲ စိတ်ဝိညာဉ် ခရီးစဉ်ကနေ တစ်ဆင့် သွားကြည့်မှပဲ ရတော့ မယ် ထင်တယ်။"

"အခု ကျွန်မတို့ ဘာလုပ်ကြမလဲ။ ရှေးဟောင်း ရာရှုံမွှန်တံခါးကိုလည်း မသိမ်းနိုင်သေးဘူး၊ အနောက်ဘက်ဒေသရဲ့ ရိက္ခာလမ်းကြောင်းကို လည်း မဖြတ်တောက်နိုင်သေးဘူး။ ကျွန်မတို့

တော်ဝင်ချုန် စစ်တပ်ကတော့ ခက်ခဲတဲ့ တိုက်ပွဲကြီးကို ရင်ဆိုင်ရတော့မယ်။" ဆန်းဝေဝေက ဆိုသည်။

"အခုလောလောဆယ်တော့ ငါတို့ တစ်ဆင့်ချင်းစီပဲ သွားကြတာပေ့ါ။ ငါတို့ အားလုံး စုစည်းနေသရွေ့တော့ အနောက်ဘက်ဒေသက ပညာရှင်တွေလည်း ငါတို့ကို လာနှောင့်ယှက်ရဲမှာ မဟုတ်ဘူး။ မူလဝိညာဉ်နတ်ဘုရားက ငါ့ကို ခြိမ်းခြောက်ရုံသက်သက်ပဲလို့ ငါ ထင်တယ်။ မဟုတ်ရင် သူ ငါ့ကို သတ်တာ ကြာလှပြီ။ သူရဲ့ ဘုံသုံးပါးမူလစွမ်းအင်အမြောက်နဲ့ သူရဲ့ ကျင့်စဉ်အဆင့်က ငါ့ထက် အဆပေါင်းများစွာ မြင့်နေတာမို့ သူက ဖန်ဟွမ်အသက်ဝိညာဉ် ဓားကိုတောင် ကြောက်နေမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူက ငါနဲ့ အသေအကြေ မတိုက်ချင် ဘူး။ ဘာလို့လဲဆိုတော့ ငါတို့ထဲက တစ်ယောက်ယောက်

အပြင်းထန် ထိခိုက်ဒဏ်ရာ ရသွားရင် အခွင့်ကောင်းယူမယ့်သူတွေ အများကြီး ရှိနေလို့ ပဲ။ ငါ ခြောက်ကြိမ်မြောက် ကောင်းကင်ကြိုး ဒဏ်ကို ကျော်ဖြတ်ပြီး ဖန်ဟွမ်အသက်ဝိညာဉ် ဓားနဲ့ ငါ့ရဲ့ စိတ်ဝိညာဉ်ကို တစ်သားတည်း ဖြစ် အောင် ပေါင်းစပ်နိုင်တဲ့အခါမှပဲ မူလဝိညာဉ် နတ်ဘုရားကို ရင်ဆိုင်ရ တာ ပိုပြီး စိတ်ချရလိမ့် မယ်။"

ဟုန်ယွီသည် မူလဝိညာဉ်နတ်ဘုရား အကြောင်း တွေးရင်း မျက်မှောင်ကြုတ်ကာ အေးစက် စွာ ပြုံးလိုက်မိပါသည်။

"မိုးကြိုးကပ်ဘေး ခံယူဖို့အကြောင်း ပြောရ ရင်... ဟုန်ယွီ၊ ငါလည်း ခြောက်ကြိမ်မြောက် မိုးကြိုးကပ်ဘေးကို ခံယူဖို့ အဆင်သင့် ဖြစ်နေ ပြီ။ မင်း ငါ့အတွက် အစောင့်ကြပ် ပေးရမယ်။ ငါ မင်းကို ‘ရှေးဦးနဂါးသင်္ချိုင်း’ဆီကို ခေါ်သွား

မယ်။" နဂါးသမီးတော်က မတ်မတ်ထိုင်လျက် လက်ထဲက နှင်းဆီပန်းတစ်ပွင့်ကို ကစားရင်း ပြောလိုက်သည်။

"ရှေးဦးနဂါးသင်္ချိုင်းလား။ အဲဒါက ဒဏ္ဍာရီလာ ဆန်းကြယ်တဲ့ မူလနဝမချောက်နက် နတ်ဘုရား နယ်မြေနဲ့ အလားတူနေရာတစ်ခု မဟုတ်လား။" ရှဲ့ဝန်ယွမ်က ထိုဆန်းကြယ် သော နဂါးသမီး တော်ကို ကြည့်ကာ မေးလိုက်သည်။

"မှန်ပါတယ်။ အဲဒီမှာ နဂါးအကြေးခွံတွေနဲ့ နဂါးဝိညာဉ်တွေ ရှိတယ်။ အဲဒါတွေကို နတ်ဘုရားချပ်ဝတ်တွေအဖြစ် သွန်းလုပ်လို့ ရတယ်။ အထူးသဖြင့် တစ်ကိုယ်လုံးကို လွှမ်းခြုံနိုင်တဲ့ ရှေးဟောင်းချပ်ဝတ်တွေပေါ့။ အဲဒီချပ်ဝတ်တွေကို ဝတ်ဆင်ထားရင် ငှက်ကလေးတစ်ကောင်လို ပေါ့ပါးစေပြီး ရေ၊ မီး မခနိုင်သလို ခွန်အားကို လည်း အဆမတန် ကြီးမားစေတယ်။ ဟုန်ယွိ...

မင်းရဲ့ သေမင်းအလင်း နတ်ဘုရားလုံ့က ကျိုးသွားပြီ မဟုတ် လား။ တကယ်လို့ မင်းသာ နဂါးသင်္ချိုင်းတော်ကို သွားရင် အစစ်အမှန် နဂါးပစ္စည်းတွေကို ရှာတွေ့နိုင်လိမ့်မယ်။ အဲဒီလုံ့ကို မင်း ပြန်ပြင်လို့ ရတယ်။" နဂါးသမီးတော်က ဆိုသည်။

"နဂါးသင်္ချိုင်းက အရမ်း အန္တရာယ်ကြီးမှာပဲ။" ချန်ယင်းရှာက စိုးရိမ်တကြီး မေးလိုက်သည်။ "ရှေးဦးကောင်းကင်နဂါးတွေဟာ ချပ်ဝတ်အသွင် ပြောင်းလဲပြီးနောက်မှာ အားလုံးပဲ ဟင်းလင်းပြင် လေဟာနယ်မှန်တိုင်း နယ်မြေတွေထဲ အုပ်စုလိုက် ဝင်သွားကြတယ်ဆိုတဲ့ ဒဏ္ဍာရီကို ကျွန်မ ကြားဖူးတယ်။"

"ဒါပေါ့... ဒါပေမဲ့ အကြီးမားဆုံး အန္တရာယ်က အဲဒီကမ္ဘာရဲ့ ဝင်ပေါက်ကို ဘယ်သူမှ မသိတာ ပဲ။ ဒါပေမဲ့ ကျွန်မမှာတော့ အဲဒီတံခါးကို ဖွင့်နိုင်တဲ့

ရတနာ ရှိတယ်။" နဂါးသမီးတော်က ဟုန်ယွိကို ကြည့်ကာ ပြောလိုက်သည်။

"အခု ရှေးဟောင်းရာရှိမွန်တံခါးကို သူတို့ ပြန်သိမ်းသွားပြီဆိုတော့ အနောက်ဘက်ဒေသရဲ့ စစ်တပ်က ပိုပြီး အင်အားကြီးလာလိမ့်မယ်။ အခြေအနေတွေက ပိုရှုပ်ထွေးလာဖို့ပဲ ရှိတာမို့ ငါ့ကိုယ်ငါ ပိုသန်မာအောင် လုပ်ဖို့အတွက် တစ်ခုခု ရှာဖို့ လိုအပ်နေတာ အမှန်ပဲ။ တကယ်လို့ နဂါးအကြေးခွံတွေ၊ နဂါးအရိုးတွေနဲ့ နဂါးဝိညာဉ်တွေ အများကြီး ရှာတွေ့ရင် ငါတို့အတွက် ချပ်ဝတ်တွေ အများကြီး သွန်းလုပ်လို့ ရတာပေါ့။ ခင်ဗျား မိုးကြိုးကပ်ဘေး ခံယူမယ်ဆိုရင် ကျွန်တော်လည်း ခံယူရမှာပဲ။" ဟုန်ယွိက ဆိုသည်။ "အချိန်ဆွဲမနေတော့ဘူး။ ကျွန်တော် အစီအစဉ်အချို့ လုပ်ပြီး ဒီနေ့ပဲ ထွက်ကြတာပေါ့။ ဒီလောက် လူအများကြီး အကာအကွယ် ပေးနေ

တာဆိုတော့ တစ်ယောက်ယောက် လာနှောင့်ယှက်မှာကို စိုးရိမ်နေစရာ မလိုတော့ ဘူး မဟုတ်လား။"

"ဒါပေါ့... ဟုန်ယွို၊ မင်းရဲ့အကျင့်စရိုက်ကို ငါ ယုံကြည်ပါတယ်။" နဂါးသမီးတော်က လက်ထဲက နှင်းဆီပွင့်ကို သိမ်းလိုက်ပြီး ပွင့်ဖတ်တစ်ခုကို ဆိတ်ကာ မုန့်စားသကဲ့သို့ စားလိုက် သည်။

နှင်းဆီပန်းမှာ သူမ၏ အစားအစာ ဖြစ်ပုံရသည်။

အမှန်စင်စစ် ဟုန်ယွိသည် မိမိကိုယ်ကို ပိုမိုသန်မာအောင် လုပ်ရန် ပြောလိုက်သည့်အခါ ဒိုင်ဇင်ဘုရားကျောင်း၏ မြေအောက်နန်းတော်အတွင်းရှိ ‘ထိုက်ရှီတောင် နဂါးဝိညာဉ်’ နှင့် ထို နဂါးဝိညာဉ် စောင့်ကြပ်နေသည့် ဆန်းကြယ်သော ရတနာကို ချက်ချင်း သတိရလိုက် သည်။

သို့သော် ထိုအရာများအတွက်မူ သူသည်

ခြောက်ကြိမ်မြောက် မိုးကြိုးကပ်ဘေးကို ကျော်ဖြတ်ပြီးသည့်အထိ စောင့်ရပေလိမ့်မည်။

ခုနစ်ကြိမ်မြောက် မိုးကြိုးကပ်ဘေး ဖြတ်ကျော်ဖို့နှင့် ဖန်ဆင်းရှင် အဆင့်အတွက်မူ ဟုန်ယွိသည် သူ့ကိုယ်သူ အနည်းငယ် လိုအပ်နေသေးသည်ဟု ခံစားရသည်။

သို့သော် ခြောက်ကြိမ်မြောက် မိုးကြိုးကပ်ဘေးကို ကျော်ဖြတ်ပြီးပါက သူ၏ စိတ်ဝိညာဉ်အတွေးစတိုင်းမှာ ပြည့်စုံသွားပေလိမ့်မည်။ ထို့ထက် ပို၍ အရေးကြီးသည်မှာ သူသည် ဖန်ဟွမ်အသက်ဝိညာဉ်ဓားကို သူ၏ မူလဝိညာဉ်နှင့် တစ်သားတည်း ဖြစ်အောင် ကြိုးစားရ မည်ဖြစ်သည်။ ဓားသည် ဝိညာဉ်ဖြစ်ပြီး၊ ဝိညာဉ်သည် ဓားဖြစ်ရမည်။ ထိုအခါမှသာ သူသည် အစစ်အမှန် လွတ်လပ်မှုကို ရရှိမည် ဖြစ်သည်။ မူလဝိညာဉ်နတ်ဘုရားကဲ့သို့သော အစွမ်းထက်

သူများကို ကြောက်နေရန် မလိုတော့သလို၊ ကျိုးထိုက်ကျူ အသုံးပြုခဲ့သည့် ‘အစွန်းရောက် ဧကရာဇ် ပြောင်းပြန်စီးဆင်းခြင်း’ ပညာရပ်ကဲ့သို့ အန္တရာယ်များကိုလည်း စိုးရိမ်စရာ မလိုတော့ပေ။

ထိုအချိန်ကျမှသာ သူသည် ဒိုင်ဇင်ဘုရားကျောင်း၏ မြေအောက်နန်းတော်အတွင်းရှိ ရတနာကို သွားရောက် ယူဆောင်သည့်အခါ မည်သူ၏ ချောင်းမြောင်းလုယက်မှုကိုမျှ စိုးရိမ်နေစရာ လိုတော့မည် မဟုတ်ပေ။

ဟုန်ယွိသည် အားလုံးကို စီစဉ်ပြီးနောက် အဆင့်ရှစ် မိုးကြိုးကပ်ဘေး နတ်ဘုရားအသိစိတ် ကို အသုံးပြုကာ လူသားများနှင့် သားရဲများ အားလုံးကို လွှမ်းခြုံထားသည့် ‘ကမ္ဘာငယ် လေး’ တစ်ခုကို ဖန်တီးလိုက်သည်။

ထို့နောက် နတ်ဘုရားအသိစိတ်မှာ တုန်ခါသွား

ပြီး ဟင်းလင်းပြင်ကို ဆွဲဖြဲကာ အစအနမ ကျန် ပျောက်ကွယ်သွားတော့သည်။ သူတို့သည် အရှေ့ ဘက်အရပ်သို့ ပျံသန်းသွားကြပြီ ဖြစ်သည်။

သဲကန္တာရပြည်နယ်၏ ရာသီဥတုမှာ ခြောက်သွေ့လွန်းလှပြီး ဆယ်နှစ်ခန့်ကြာသည့် အထိ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း မရှိပေ။ မိုးကြိုး ကပ်ဘေး ခံယူရန်အတွက်မူ စိုစွတ်ပြီး မိုးများ သော အရှေ့တောင်ဘက်ဒေသ သို့မဟုတ် တော ရိုင်းဒေသများသို့ သွားရောက်ရန် လိုအပ်ပေ သည်။

…

ဟုန်ယွိနှင့် သူ့အဖွဲ့သားများ လျို့ဝှက်စွာ ပျံသန်း သွားချိန်မှာပင် အသံတစ်ခု ရုတ်တရက် ထွက် ပေါ်လာသည်။

ကျောက်စိမ်းမြို့တော်၏ အနောက်ဘက် တောင်တန်း၏ အနက်ရှိုင်းဆုံးနေရာတွင်

အတားအဆီး မှော်သင်္ကေတများစွာဖြင့် ဝန်းရံထားသော လှို့ဝှက်ချိုင့်ဝှမ်းတစ်ခု ရှိသည်။

ထိုနေရာတွင် လူသုံးရပ်ခန့် မြင့်မားသော ကြီးမားသော ဆေးပေါင်းအိုးကြီးတစ်ခု ရှိနေသည်။ ၎င်း၏ အောက်တွင် ပြင်းထန်သော မီးတောက်များ တောက်လောင်နေသည်။ ဆေးပေါင်း ဖိုပေါ်ရှိ အပေါက်ငယ်များမှ ဆီးနှင်းကဲ့သို့ ဖြူဖွေးသော အခိုးအငွေ့များ ထွက်ပေါ်နေပြီး လေထဲတွင် နဂါး၊ ကျားနှင့် မှိုပုံသဏ္ဌာန်များ အဖြစ် ဖွဲ့စည်းနေသည်။

ထန်းဟိုင်လုံနှင့် ဖန်းယွမ်တို့သည် ဘေးတွင် ရပ်လျက် ဆေးပေါင်းအိုးကြီးကို စိုးရိမ်တကြီး စိုက်ကြည့်နေကြ၏။

"သတိထားကြ။ 'အနန္တရွှေဆေးလုံး' ထွက်လာတော့မယ်။"

***